| အစဉ် | ကိလေသာ (၁၆) ပါး | | | (၈) စုံ |
|---|---|---|---|---|
| ၁ | **လောဘ** | = | လိုချင်တပ်မက်မှု၊ ချစ်ခင်တွယ်တာမှု။ | တစ်စုံ |
| ၂ | **ဒေါသ** | = | စိတ်ဆိုးအမျက်ထွက်မှု၊ စိတ်ဓာတ်ကျမှု၊ သတ်ချင်မှု၊ နှိပ်စက်ချင်မှု။ | |
| ၃ | **ကောဓ** | = | အစဦးဆုံး အမျက်ထွက်မှု၊ ကြမ်းကြုတ်မှု။ | တစ်စုံ |
| ၄ | **ဥပနာဟ** | = | ပြန်ပြီး လက်စားချေဖို့ အငြိုးအတေးထားမှု။ | |
| ၅ | **မက္ခ** | = | ကျေးဇူးပြုဖူးသည့် ပုဂ္ဂိုလ်ကို ကျေးဇူးကန်းမှု။ | တစ်စုံ |
| ၆ | **ပဠာသ** | = | ကိုယ့်ထက်သာသည့် ပုဂ္ဂိုလ်ကို ဂုဏ်တု, ဂုဏ်ပြိုင် ပြုလုပ်မှု။ | |
| ၇ | **ဣဿာ** | = | ကိုယ့်ထက်သာသည့် ပုဂ္ဂိုလ်ကို မနာလိုမှု။ | တစ်စုံ |
| ၈ | **မစ္ဆရိယ** | = | ကိုယ်လို သူများကို မဖြစ်စေလိုမှု၊ ဝန်တိုမှု။ | |
| ၉ | **မာယာ** | = | ကိုယ့်အပြစ်ကို သူများ မသိအောင် ဖုံးကွယ်မှု၊ လှည့်စားမှု။ | တစ်စုံ |
| ၁၀ | **သာဌေယျ** | = | ကိုယ့်မှာမရှိသည့် ဂုဏ်ကို ရှိယောင်ဟန်ဆောင်မှု၊ ကောက်ကျစ်စဉ်းလဲမှု။ | |
| ၁၁ | **ထမ္ဘ** | = | ရိုသေလေးစား ကိုင်းညွှတ်ခြင်း မရှိမှု။ | တစ်စုံ |
| ၁၂ | **သာရမ္ဘ** | = | ချိုးနှိမ်ဖို့ သူ့ထက်သာအောင် ပြုလုပ်မှု။ | |
| ၁၃ | **မာန** | = | မျိုးရိုး, ပစ္စည်း, ရာထူး, အခြေအရံ, အတတ်ပညာ, ရုပ်အဆင်း, ဘုန်းကံ တို့ကို ဂုဏ်ယူပြီး ကိုယ့်ကိုယ်ကို အထင်ကြီးမှု။ | တစ်စုံ |
| ၁၄ | **အတိမာန** | = | အလွန့်အလွန် အထင်ကြီးမှု၊ ဘဝင်မြင့်မှု။ | |
| ၁၅ | **မဒ** | = | မာန်ယစ်မှု။ | တစ်စုံ |
| ၁၆ | **ပမာဒ** | = | မေ့လျော့နေမှု၊ သတိလွတ်နေမှု။ | |

မ၊ ၁၊ ၁၅၊ ဓမ္မဒါယာဒသုတ်၊ မူလပဏ္ဏာသ။

ထေရဝါဒ ကမ္မဋ္ဌာန်းလမ်းစဉ် - ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄) ရက်

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မေတ္တာနန္ဒဆရာတော် ဦးဃောသိတာဘိဝံသ (USA)

https://winmetta.org